မလွန်ကျေးရွာ

မလွန်ကျေးရွာအုပ်စု ၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ မလွန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ ၊ ၂၀၂၀

# မာတိကာ

မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

( ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

( ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

( င) ပညာရေး

( စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

( ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မလွန်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်း

စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီး စီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အဆင့်အစိုးရဌာနများ၏ အကြံပြု ချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇူလိုင်လ ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မလွန်ကျေးရွာ
မင်းလှမြို့နယ်


မလွန်ကျေးရွာ သယံဇာတပြမြေပုံ

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

မလွန်ကျေးရွာသည် ရန်ကုန်-စလင်း-ဆင်ဖြူကျွန်းကားလမ်းနှင့် သရက်-မင်းဘူး မီးရထားလမ်းပိုင်းတို့၏ လမ်းပေါ်တွင် တည်ရှိပြီး ကုန်းလမ်းရေလမ်းတို့ဖြင့် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အချက်အခြာကျသော ရွာတစ်ရွာဖြစ်ပါသည်။ အရှေ့ဘက်တွင် ရောဝတီမြစ် ၊ အနောက်ဘက်တွင် အမှတ် (၁၇) အကြီးစားစက်မှုလုပ်ငန်းစက်ရုံ ၊ အမှတ် (၂) ကာကွယ်ရေးပစ္စည်းစက်ရုံနှင့် ညောင်ပင်ကျင်းကျေးရွာ ၊ တောင်ဘက်တွင် ကတကျေးရွာ ၊ ရေခါးကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာ ၊ မြောက်ဘက်တွင် ပန်းတော်ပြင်ကျေးရွာ ၊ ဥယျာဉ်ကျေးရွာနှင့် မယ်ဇလီတောကျေးရွာများနှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ မလွန်ကျေးရွာတွင် နယ်မြေဒေသ ပိုင်ဆိုင်ခဲ့သော ယာမြေများမှာ စက်ရုံအလုပ်ရုံးများ တည်ဆောက်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် ကားလမ်း ၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်းကို ဦးစားပေးလိုက်ပါသောကြောင့် မလွန်ကျေးရွာတွင် အိမ်ခြံမြေများမှအပ လယ်ယာမြေကိုင်းကျွန်း လုပ်စားစရာမြေမရှိသလောက် ရှားပါးခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာသူကျေးရွာသားအများစုသည် စက်ရုံအရပ်သားဝန်ထမ်း ၊ စစ်မှုထမ်း ဝန်ထမ်းအဖြစ်လည်းကောင်း ၊ ဈေးရောင်းဈေးဝယ်နှင့် လက်လုပ်လက်စားဘဝများအဖြစ်ဖြင့် ရပ်တည်ခဲ့ရပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မလွန်ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့၍ မိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိပါသည်။ မြေယာလုပ်ငန်း အနည်းငယ်နှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ ၊ လက်မှုလုပ်ငန်းနှင့် ဈေးရောင်းဈေးဝယ်လုပ်ငန်း အနည်းအကျဉ်းမျှ ရှိပါသည်။ သဘာဝတွင်းထွက်ပစ္စည်းများ မရှိပါ။ ဘဝတက်လမ်းအတွက် ပညာရေးကောင်းမွန်ရေးကိုသာ ဦးစားပေး ဆောင်ရွက်လျှက်ရှိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

မလွန်ကျေးရွာသည် မလွန် ၊ ကတ ၊ သက္ကယ်ကျင်း ၊ ညောင်ပင်ကျင်း (၄) ရွာတအုပ်စု၏ အုပ်စုတည်ရာ ရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ လူမှုရေး ၊ ဘာသာရေး ၊ ပညာရေး ကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိပါသည်။ ပြင်ပမှ လာရောက်သည့် လူမှုရေးအဖွဲ့အစည်းများ လုံးဝမရှိပါ။ ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့ ၊ အရံမီးသတ်အဖွဲ့ ကျေးလက်ကျန်းမာရေးကူညီပံ့ပိုးမှုအဖွဲ့ ၊ နာရေးကူညီမှုအသင်း ၊ ပရဟိတအသင်း ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ၊ အမျိုးသမီးရေးရာ ၊ ဓမ္မစကြာဝတ်အသင်း ၊ ဓမ္မစကူးလ် သင်ကြားရေးအဖွဲ့ အချိန်အခါလိုက် ကျရောက်သော ဘာသာရေးနေ့ရက်မြတ်များတွင် ကျင်းပနိုင်အောင် ဆောင်ရွက်ပေးသောအဖွဲ့ ၊ မြသပိတ်ဘုရားပွဲတော်ကျင်းပနိုင်ရေးအတွက် ဂေါပကအဖွဲ့အစည်းများ ၊ လျှပ်စစ်မီးလင်းရေးကော်မတီနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများဟူ၍ အသင်းအဖွဲ့ (၁၃) ဖွဲ့ရှိပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးကိစ္စရပ်များကို အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့် လူငယ်လူရွယ်များ ကျောင်းသားလူငယ်များမှမကျန် ပူးပေါင်းဆောင်ရွက်လျှက် ရှိပါသည်။ ဘာသာရေးကိစ္စရပ်များကိုလည်း မလွန်ရွာရှိ ကျောင်းတိုက်(၂) တိုက်မှ ဦးစီးပဓာနဆရာတော် (၂) ပါးမှ ဦးဆောင်ညွှန်ကြား၍ ဒါယကာ ၊ ဒါယိကာမများ ပူးပေါင်းပါဝင်ဆောင်ရွက်လျှက် ရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အလယ်အလတ်အဆင့် အိမ်ထောင်စုများသည်ကို တွေ့ရပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသော ကျဘမ်း လက်လုပ်လက်စား အလုပ်သမားများလည်း ရှိပါသည်။ အဓိက ဝင်ငွေပုံမှန်ရလုပ်ငန်းသည် အစိုးရဝန်ထမ်း လခစားလုပ်ငန်းဖြစ်၍ ပုံမှန်ဝင်ငွေမျှသာ ရရှိသူများဖြစ်ကြပါသည်။

(၈)    **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် မူလတန်းကျောင်းကို အလျားပေ (          ) အနံ့ပေ (          )ရှိ သွပ်မိုး အုတ်နံရံအကာ အင်္ဂတေခင်း ကျောင်းဆောင်ကို (၁၉၈၅) ခုနှစ်တွင် ရပ်ရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ရပါသည်။ စာသင်ခုံများမှာ ရှေ့ကာလမှ ပြုလုပ်ခဲ့သော အနိမ့်ခုံများဖြစ်သောကြောင့် လုံလောက်မှု မရှိသေးပါ။ ကျေးရွာတွင် စာမတတ်သူ မရှိပါ။ ဆရာ/ဆရာမ (၆) ဦးနှင့် ကျောင်းသား/ကျောင်းသူ (၄၀၀) ဦးရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းလည်း မရှိသေးပါ။ ကိုယ်ဝန်ဆောင်မိခင်များ ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုးခြင်း / တိုက်ကျွေးခြင်း ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း ၊ ခြင် နှိမ်နင်းရေးနှင့် ငှက်ဖျားရောဂါကာကွယ်ဆောင်ရွက်ခြင်း ၊ ကျန်းမာရေးအသိပညာပေးကိစ္စရပ်များနှင့် ရပ်ရွာကိစ္စရပ်များအားလုံးကို အုပ်ချုပ်ရေးမှူးရုံး တစ်ခုတည်းကိုသာ အသုံးပြုဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာတွင် ယခင်အခါက စက်ရုံအရပ်သားဝန်ထမ်းနှင့် စစ်သည်ဝန်ထမ်းအင်အား မျှတမှုရှိသော်လည်း ယခုအခါ အရပ်သားဝန်ထမ်းသစ် စက်ရုံမှ ခေါ်ယူမှုကိုသာ အားကိုးအားထား ပြုနေရပါသည်။ ဝင်ငွေအားဖြင့် ပုံမှန်ဝင်ငွေဖြစ်သောကြောင့် ဝင်ငွေကောင်းလှသည်ဟု ဆိုဖွယ်ရာမရှိပါ။ အလယ်အလတ်နှင့် ဆင်းရဲသားမိသားစုများပါသည်။ ပြည်တွင်းပြည်ပ သွားရောက်လုပ်ကိုင်သူ အနည်းငယ်သာ ရှိပါသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ အုပ်ချုပ်ရေးမှူးရုံး ၊ အရံမီးသတ်ရုံး ၊ မူလတန်းကျောင်းနှင့် သာသနိက အဆောက်အဦး ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပါသည်။ ဘုန်းတော်ကြီး (၁) ကျောင်းမှာ ဆောက်လုပ်ဆဲ ရပ်တည်နေပါသည်။ ကျန်းမာရေးအတွက် ဆောင်ရွက်ရန် အဆောက်အဦး တစ်ခု ရရှိရန် အထူးလိုအပ်လျှက်ရှိပါသည်။ ကျန်းမာရေးနှင့် ညီညွတ်စေရန် ရေလောင်းအိမ်သာသုံးစွဲခြင်း ၊ အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျ သုံးစွဲလျှက်ရှိပါသည်။

နိုင်ငံတော်မှ (KV-11) လျှပ်စစ်မီး ပံ့ပိုးပေးပါသဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာသော်လည်း သောက်သုံးရေမှာ ပုဂ္ဂလိကရေပေးဝေမှုအား

အားထားနေရပါသဖြင့် တနိုင်တပိုင်စိုက်ပျိုးရေးနှင့် အိမ်သုံးရေချွေတာနေရပါသည်။ စိမ်းလန်းစိုပြည်မှုနှင့် သန့်ရှင်းစွာနေထိုင်မှုမှာ အားနည်းလျက်ရှိနေပါသောကြောင့် အိမ်တိုင်ရာရောက် ရေပေးဝေမှုကို ရရှိရေးအတွက် ပြည်သူအပေါင်းမှ လိုလားတောင်းတနေပါသည်။

ကျေးရွာတွင်းရှိ လမ်းအားလုံးမှာလည်း မြေသားလမ်းများသာဖြစ်၍ သွားလာရေး ကောင်းလှသည်ဟု မဆိုသာပါ။ အထူးသဖြင့် မိုးရာသီအခါတွင် ဗွက်ထခြင်း ၊ ရေစီးခြင်းနှင့် မြစ်ရေတက်ခြင်းတို့ကြောင် လမ်းများပျက်စီးမှုရှိပါသည်။ သို့ပါ၍ ရွာတွင်းအားလုံး ကွန်ကရစ်လမ်းများခင်းနိုင်ပါက ပို၍ကောင်းမည်ဟု ပြည်သူအများမှ ဆန္ဒရှိလျှက် ဖော်ပြလိုက်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကျေးရွာတွင် သက်သာသော ချေးငွေရရှိနိုင်မှု မရှိပါ။ စိုက်ပျိုးစရိတ်ချေးငွေရရှိသော်လည်း လယ်ယာလုပ်သူနည်းပါးသောကြောင့် အကျိုးသက်ရောက်မှု အားနည်းလျှက်ရှိပါသည်။ ပုဂ္ဂလိကမှ ၂၀% ၃၀% အတိုးများကိုသာ မလွှဲမရှောင်သာ အားကိုးနေကြရပါသည်။ ဝန်ထမ်းနှင့် ပင်စင်စားဝန်ထမ်းများသောကြောင့် ငွေကြေးအဆင်ပြေမှုအားနည်းသည်ကို တွေ့ရှိရပါသည်။

**(င) ပညာရေး**

မူလတန်းကျောင်းတစ်ကျောင်းတည်းသာရှိသော်လည်း အလယ်တန်း၊ အထက်တန်းပညာကို ထိစပ်နယ်မြေရှိ ကစစ(၁၇)လိုင်းအတွင်းသို့ သွားရောက်သင်ယူခွင့်ရှိသဖြင့် ပညာရေးကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ပညာရေးတွင် နှစ်စဉ်အောင်ချက်ကောင်းမွန်ပါသည်။ ပညာတတ်မှ နောင်ဘဝနောင်ရေး အေးရမည်ဖြစ်ပါသဖြင့် မိဘတိုင်း ပညာအမွေပေးနိုင်ရေးအတွက် ခြိုးခြံချွေတာ၍ ပညာရေးအားပေးလျှက်ရှိပါသည်။

(စ) ကျန်းမာရေး

မလွန်ကျေးရွာတွင် ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် လွန်ခဲ့သောနှစ်ပိုင်းက ဆင်ခြေထောက် ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးခြင်းနှင့် အာဟာရတိုက်ကျွေးမှု မှတ်တမ်းများလည်း တွေ့ရှိရပါသည်။ ဝက်သက်ရောဂါဖြစ်ပွားမှုမှာလည်း အနည်းငယ်မျှ ရှိပါသည်။ သို့သော်လည်း မြို့နယ်မှ ဆရာ/ဆရာမများ လာရောက်၍ အထက်ပါ ရောဂါများအတွက် ဆေးတိုက်ကျွေး ထိုးနှံမှုများ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရေး အားနည်းမှုရှိနေပါသည်။ သို့ပါ၍ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း ၊ ကျန်းမာရေးမှူးနှင့် သူနာပြုဆရာ/ဆရာမမများ ချထားပေးရန် လိုအပ်လျှက်ရှိပြီး ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မလွန်ကျေးရွာတွင် တောင်သူလယ်သမားလူနည်းစုများ စိုက်ပျိုးသောနှမ်းနှင့် ပဲစဉ်းငုံ သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားများကို ဓာတုပိုးသတ်ဆေး ၊ ဓာတုမြေဩဇာသုံးစွဲမှုများလာသဖြင့် မြေဆီလွှာအရည်အသွေး ကျလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံဓာတုပိုးသတ်ဆေးသုံးစွဲခြင်းထက် ထိရောက်နိုင်သော သဘာဝမြေဩဇာများကို နည်းပညာပံ့ပိုးပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းလာနိုင်သည်။ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ထိန်းသိမ်းခြင်းကို အထောက်အကူပြုပါသည်။

ထိုကဲ့သို့ တောင်ယာများတွင် ဓာတုပိုးသတ်ဆေးအစား သဘာဝနည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်း အမှိုက်များစွန့်ပစ်မှုစနစ်ကျအောင် နည်းပညာပေးခြင်း ၊ ကျေးရွာနယ်မြေပတ်ဝန်းကျင်တွင် သစ်ပင်များအစားထိုး စိုက်ပျိုး၍ တောတောင်ရေမြေနှင့် စိမ့်စမ်းရေများကို ထိန်းသိမ်းရာ ရောက်ပါသည်။

## မလွန်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် ဦးစားပေး စီမံချက်များ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ | ၂၀၂၃ ၂၀၂၄ |
|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | အဝေးပြေးပေ ၁၀၀ လမ်းမကြီးမှ ရွာတွင်းအဆင်းဖြတ်လမ်းများ အဆင့်မြှင့်တင်ခြင်း | ၂ | | √ | | | |
| ၃ | အိမ်တိုင်ရာရောက်ရေသွယ်စနစ်ဆောင်ရွက်ခြင်း | ၃ | | | | | √ |
| ၄ | ထရမ်စဖော်မာအနီး အမှတ်၄/၅ ရပ်ကွက် ပေါင်းကူးလမ်းရေကျော်တည်ဆောက်ခြင်း | ၄ | | | √ | | |
| ၅ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၅ | | √ | | | |
| ၆ | ကျေးလက်ဆေးပေးခန်းအဆောက်အဦနှင့် ကျန်းမာရေးဆရာမတောင်းခံခြင်း | ၆ | | | | √ | |
| ၇ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | | | | | | √ |
| ၈ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်လှစ်ခြင်း | ၈ | | √ | | | |
| ၉ | လုံးတော်ကြီးဘုရားလမ်းနှင့် မြစ်ရေဝင် ရေကာတာဘောင် မြှင့်တင်ရေးတင်ပြခြင်း | ၉ | | | | | √ |
| ၁၀ | မလွန်-ဥယျာဉ် ချောင်းကူးတံတားရေရှည်တည်တံ့နိုင်ရေး တံတားဝန်းကျင် မြေထိန်း နံရန်တည်ဆောက်ခြင်း | ၁၀ | | | | √ | |
| ၁၁ | ရောဝတီမြစ်မြေထိန်းနံရန်ရေကာတာ တည်ဆောက်ခြင်း | ၁၁ | | | | | √ |

# မင်းလှမြို့နယ်၊ မလွန်ကျေးရွာအုပ်စု၊ မလွန်ကျေးရွာ

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | အုပ်ချုပ်ရေး ၊ လူမှုရေး အသင်းအဖွဲ့များမှ ဟောပြောဆွေးနွေးပွဲများကျင်းပရန်အဆောက်အဦးအခက်အခဲဖြစ်နေခြင်း | လက်ရှိအဆောက်အဦးမှာကျဉ်းနေပြီး လူဦးရေများပြားလာခြင်းကြောင့် နေရာအခက်အခဲရှိနေခြင်း | - | ကျေးရွာပိုင်မြေနေရာမရှိခြင်း | မြို့နယ်ထွေ/အုပ်နှင့်ချိတ်ဆက်၍ မြေနေရာရရှိရေးဆောင်ရွက်ပြီး အဆောက်အဦးဆောက်လုပ်ခြင်း | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |
| ၂ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | ရွာတွင်း လမ်းများ မကောင်းခြင်း | -မြေသားလမ်းဖြစ်နေခြင်း<br>-မိုးရွာသီရေတိုက်စားမှုများခြင်း<br>-ရွှံ့ဗွက်များထူပြီးလမ်းများချော်ခြင်း | -သဲကျောက်စရစ်များအလွယ်တကူရရှိနိုင်ခြင်း<br>-ငွေကြေးထည့်ဝင်နိုင်ခြင်း | - | လမ်းကော်မတီဖွဲ့စည်း၍ ကျေးလက်ဦးစီးဌာန ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | -ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း<br>-အဝေးပြေးပေ(၁၀၀)လမ်းမကြီးမှ ရွာတွင်းအဆင်းဖြတ်လမ်းများအဆင့်မြှင့်တင်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | သောက်သုံးရေဖူလုံရေး | | | | | |
| | စနစ်ကျသောရေပေးဝေမှုမရှိခြင်း | -ကိုယ်ပိုင်ရေတွင်းငယ်များကိုအသုံးပြုနေခြင်း<br>-ရေအရင်းအမြစ်ဖူလုံမှုရှိသော်လည်း စနစ်ကျသောရေပေးဝေမှုဆောင်ရွက်ရန် ဦးစီးဦးဆောင်ပြုလုပ်မည့်သူမရှိခြင်း | ရေဝတီမြစ်ကမ်းဘေးတွင် ကျေးရွာတည်ရှိခြင်း | နည်းပညာနှင့် ငွေကြေးအခက်အခဲရှိခြင်း | ရေကော်မတီဖွဲ့စည်း၍ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | အိမ်တိုင်ရာရောက်ရေသွယ်စနစ်ဆောင်ရွက်ခြင်း |
| ၄ | ကျန်းမာရေး | | | | | |
| | ရုတ်တရက်ဖြစ်ပေါ်လာသည့်ကျန်းမာရေးကိစ္စများအတွက် အခက်အခဲရှိခြင်း | -မြို့သို့တက်ရောက်၍ဆေးကုသရန်ငွေကြေးမတတ်နိုင်ခြင်း<br>-ကျေးရွာလူထုအများစုများ ဝန်ထမ်းများဖြစ်နေခြင်း<br>-နေ့စဉ်မြို့ပေါ်သို့သွားရောက်ကုသနေရခြင်း | - | -မြေနေရာအခက်အခဲရှိနေခြင်း<br>-ကျန်းမာရေးဝန်ထမ်းမရှိခြင်း | -မြို့နယ်ထွေ/အုပ် ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်းနှင့်ကျန်းမာရေးဝန်ထမ်းတင်ပြတောင်းခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | နှစ်စဉ်ကမ်းပါးပြိုခြင်းနှင့် ရေကာတာများ ပျက်စီးခြင်း | -မြစ်ရေတိုက်စားခြင်း<br>-ချောင်းရေတိုက်စားခြင်း | | ငွေကြေးမတတ်နိုင်ခြင်း | -မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | -ထရန်စဖော်မာအနီး အမှတ် ၄/၅ ရပ်ကွက် ပေါင်းကူးလမ်း ရေကျော်တည်ဆောက်ခြင်း<br>-လုံးဖက်ကြီးဘုရားလမ်းနှင့်မြစ်ရေဝင် ရေကာတာဘောင် အဆင့်မြှင့်တင်ခြင်း<br>-ရောဝတီမြစ်မြေ ထိန်းနံရံရေကာတာ တည်ဆောက်ခြင်း<br>-မလွန်-ဥယျာဉ် ချောင်းကူးတံတား မြေထိန်းနံရံတည် ဆောက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | -ဒေသတွင်းဝင်ငွေရလုပ်ငန်းများမရှိခြင်း<br>-ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း<br>-လက်မှုပညာမတတ်ခြင်း | -လူငယ်များမှစိတ်အားထက်သန်မှုရှိခြင်း | -သင်တန်းတက်ရောက်ရန်ငွေငွေမတတ်နိုင်ခြင်း<br>-ချိတ်ဆက်ရမည့်နေရာမသိရှိခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း |
| | အသိပညာဗဟုသုတနည်းပါးခြင်း | -ဖတ်စရာစာအုပ် စာနယ်ဇင်း၊ သတင်းစာမရှိခြင်း<br>-စာဖတ်သည့်အလေ့အထမရှိခြင်း | -လူငယ်များမှ စိတ်ပါဝင်စားမှုရှိခြင်း | မြေနေရာအခက်အခဲရှိခြင်း | မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | စာကြည့်တိုက်ဆောက်လုပ်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၇ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၆ | ၂၉ | ၅၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၀ | ၅၁ | ၁၀၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၅ | ၆၀ | ၁၁၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၁ | ၅၇၉ | ၁၀၇၀ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇၇ | ၁၂၆ | ၂၀၃ |
| **စုစုပေါင်း** | | ၇၀၅ | ၈၅၂ | ၁၅၅၇ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၄၆၅ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။- ကျေးရွာအတွင်းတွင် အလုပ်လုပ်နိုင်သည့်အလုပ်သမားဦးရေသည် (၁၂၀၀) ကျော်ရှိပါသည်။ ထိုသူများအတွက် အလုပ်ပေးနိုင်နှုန်းမှာ နည်းပါးပါသည်။ သက်ကြီးရွယ်အို ပေါင်းမှာ (၂၀၃)ဦးရှိသည့်အနက် မိသားစုစောင့်ရှောက်မှုမရရှိသောအိမ်ထောင်စုမှာ (၄)ဦးသာရှိ ပါသည်။ ထိုသူများကို အိမ်နီးချင်းများမှ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ ကျန်သောအသက်ကြီး ရွယ်အိုများမှာ မိသားစုနှင့်အတူ နေထိုင်သူများဖြစ်ကြပါသည်။ စုစုပေါင်းအိမ်ထောင်စု (၄၆၅)အိမ် ရှိသည့်အနက် လူဦးရေစုစုပေါင်းမှာ (၁၅၅၇)ယောက်ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေမှာ (၃)ယောက်ရှိပါသည်။ တချို့မိသားစုများမှာ (၄)ဦးအထိရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃၈ | ၁၀ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | ၀ | မြင့်☐လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၀ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၈ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃၀ | ၁၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၀ | ၈၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၆ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၁၆ | ၅၂ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၃၀ | ၁၁၃ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၂၀ | ၁၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၆ | ၁၂ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁၂ | ၆ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ဝန်ထမ်း | | | | |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၄ | ၀ | မြင့် ☐လတ် ☐နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀၄ | ၂၀၀ | ၁၆၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / | ၃၉ | ၉၀ | ၁၀၃ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာသည် အကြီးစားစက်မှုဝန်ကြီးဌာအမှတ်(၇) အနီးတွင်ရှိသည့်အတွက် စက်ရုံနယ်မြေအဖြစ်ပိုင်ဆိုင်မှုများသည့်အတွက် လယ်ယာမြေပိုင်ဆိုင်မှုနည်းနေရခြင်းဖြစ်ပါသည်။ ကျေးရွာတွင်ဈေးရှိသည့်အတွက် အရောင်းအဝယ်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်တွေ့ရှိရပါသည်။ နေ့စားဝန်ထမ်းအဖြစ်လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာတွင်ပင်စင်စားဝန်ထမ်းများနှင့် စက်ရုံဝန်ထမ်းအများအပြားရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | ၀ | ၅၀၀၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၀ | ၂၀၀၀ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**
**မှတ်ချက်(၁) လစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသော လုပ်သားများသည် ရာသီချိန်တွင် အလုပ်ရရှိနိုင်ပါသည်။ ဆောက်လုပ်ရေးနှင့်ပန်းရံလုပ်ငန်းလုပ်သားများသည် ပွင့်လင်းရာသီ အဆောက်အဦ ဆောက်လုပ်ချိန်များတွင် ငှားရမ်းသူရှိလျှင် လုပ်ကိုင်ကြရသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၀.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၁၆.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၅.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| မြေလွတ်မြေလပ် | ၄၂.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **စုစုပေါင်း** | ၈၃ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၂၀)%ကေ လောက်သာရှိပါ သည်။ ထိုမြေနေရာများတွင် နှမ်းနှင့်ပဲစဉ်းငုံ အဓိကစိုက်ပျိုးကြသည်။ မိုးလယ်ပိုင်းတွင် ဝါသီးနှံစိုက်ပျိုးကြသည်။ မိုးလယ်ပိုင်းကာလများတွင် ဝါသီးနှံစိုက်ပျိုးကြသည်။ မိုးနောက်ပိုင်းတွင် ကိုင်းကျွန်းမြေများ၌ ကုလားပဲ၊ပဲကြီး နှင့်အခြားသီးနှံစိုက်ပျိုးကြသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ဖြစ်ပါသည်။ ယာမြေများသည် စက်ရုံအသိမ်းဆည်းခံ မြေများနေ၍ ယာမြေ%ကေ နည်းနေခြင်းဖြစ်ပါသည်။ ကိုင်းကျွန်းမြေများမှာလည်း မြစ်ရေတင်ခြင်းနှင့် မိုးရွာ သွန်းမှု ရှိမှသာ စိုက်ပျိုးနိုင်ပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)** |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ကျေးရွာအနီးတွင် သိမ်းဆည်းခံ မြေနေရာများနေပါသဖြင့် နွားစားကျက်မြေအသင့်အတင့်သာရှိပါသည်။ အခြားတွင်းထွက်ပစ္စည်းများမရရှိနိုင်ပါ။ တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် ဆိတ်၊နွားမွေးမြူပါက သင့်လျော်ပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂၀ | ၂၁၀ | ၁၁၀ | ၂၅ |

**ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် တိုက်အိမ်အမျိုးအစားများဖြစ်ပါသည်။မြေယာပိုင်ဆိုင်မှုမှာ သိမ်းဆည်း ခံမြေများနေပါ၍ ယာမြေနည်းနေခြင်းဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုမှာ ကားများလည်းရှိပါသည်။ အဓိက စီးပွားရေးလုပ်ငန်းဟူ၍ မရှိပါ။ ကျေးရွာတွင် ဝန်ထမ်းများနှင့် ပင်စင်စားဝန်ထမ်းများမှာကျေးရွာ၏ထက်ဝက်နီးပါးရှိပါသည်။ အလယ်အလတ်အိမ်များမှာလည်း တိုက်ခံ ၊ပျဉ်ထောင်၊ပျဉ်ခင်းအိမ်များဖြစ်သည်။ ကျပန်းလက်လုပ်လက်စားအင်အားမှာလည်းကျေးရွာ၏ (၃း၁) ခန့်ရှိပါသည်။ မပြေလည်သော အိမ်များမှာလည်း သွပ်မိုးထရံကာ များအနေအထားရှိပါသည်။ အဆင်မပြေသောအိမ်ထောင်စုများမှာ သက္ကယ်မိုး-ထရံကာများသာဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်များသည် အငှားလိုက်၍ နေထိုင်စားသောက်နေရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| | | ချေးယူ =၀<br>လုပ်အားခကြိုယူ =၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား =၀<br>အစာလျှော့စား =၀<br>အထောက်အပံ့ယူ =၀<br>ချေးယူ =၂၀<br>လုပ်အားခကြိုယူ =၃ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား =၀<br>အစာလျှော့စား =၀<br>အထောက်အပံ့ယူ =၀<br>ချေးယူ =၁၅<br>လုပ်အားခကြိုယူ =၅ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ဥစ္စာဓန သတ်မှတ်မှုတွင် ၃" နှင့်၄"အိမ်ထောင်စုပေါင်းစုပေါင်းမှ ၃၀ ရာခိုင်နှုန်း၏ တချို့မှာ ပုဂ္ဂလိက ငွေချေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့် ချေးယူ၍ စားဝတ်နေရေး ဖြေရှင်းနေရပါသည်။ တစ်ချို့မှာ ၎င်းတို့၏ အလုပ်ရှင်များထံမှ လုပ်အားခကြို ယူ၍ ဖြေရှင်းနေကြရပါသည်။ သက်ကြီးရွယ်အို ဆင်းရဲသားများမှာလည်း ဆွေမျိုးများနှင့် အိမ်နီးနားချင်းများမှ ဝိုင်းဝန်းထောက်ပံ့မှုနှင့် စားဝတ်နေရေးဖြေရှင်းနေသည်ကိုတွေ့ရှိရပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | ၁ | ၂ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၀ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များသည် သားသမီးမရှိသောသူများ ၊အိမ်ထောင်မပြုဘဲမိဘမောင်နှမနှင့် နေထိုင်သူများ မိဘ -မောင်နှမများ ကွယ်လွန်သွားသဖြင့် စားဝတ်နေရေးအတွက် နီးစပ်ရာအိမ်နီးချင်းများနှင့် ဆွေ မျိုးများမှာ ဝိုင်းဝန်း စောင့်ရှောက်ထားသူများဖြစ်ကြပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု<br>(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☑ လတ် ☐<br>နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းရှိ တောင်သူများသည် ရာသီချိန်တွင်သာ အလုပ်ရရှိနိုင်ခြင်း -မှီခိုပန်းရံ လုပ်သားများသည် လည်း လုပ်ငန်းရှင် ပေါ်ပေါက်မှသာ အလုပ်ရရှိနိုင်ခြင်း တို့ကြောင့် စားဝတ်နေရေးအတွက် လုပ်အားခကြိုယူရပါသဖြင့် စားဝတ်နေရေးကျပ် တည်းကြသည်။ ပင်စင်ရဝန်ထမ်းများသည်လည်း မိမိရရှိငွေနှင့် တိုင်းထွာသုံးစွဲနေရ၍ စားဝတ်နေရေး သင့်တင့်ရုံသာ ရှိသည်။ ငှက်ဖျား-တီဘီနှင့် ကိုယ်ခံအားကျဆင်းရောဂါများ မရှိသလောက်ရှားပါသည်။ စိုက်ပျိုးရေးမှာလည်း မိုးရွာသွန်းမှုကိုသာ အဓိကအားထား နေရပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မင်းလှ-မင်းဘူးနှင့် မကွေးဆက်သွယ်ရေးလမ်းပိုင်းနှင့် မင်းဘူးနှင့် သရက် မီးရထားလမ်းဘေးတွင် တည်ရှိပါ၍ မြို့များသို့သွားလာရေးလွယ်ကူပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | | နိမ့် ☑ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(ID P) | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျေပန်းများ | မြင့် ☑ လတ် ☐<br>နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
